# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# နိုင်ဂျာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ
# တရားရုံးအကြောင်း လေ့လာတင်ပြခြင်း


**စာတမ်းပြုစုသူ- ဦးကျော်ဇေယျ**

**ညွှန်ကြားရေးမှူး၊ တရားရေးဌာန**

**ဒေါ်ဂျူနိုကိုလေး**

**ရုံးအုပ်၊ စီမံရေးရာဌာနခွဲ**



၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်                    နေပြည်တော်

## မာတိကာ

၁။ နိဒါန်း

၂။ နိုင်ငံ၏ပထဝီအနေအထား

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာပုံ

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခဲ့သည့်ခုနှစ်များ

၅။ ဥပဒေပြုရေး

၆။ အုပ်ချုပ်ရေး

၇။ တရားစီရင်ရေး

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၉။ သုံးသပ်ချက်

၁၀။ နိဂုံး

# နိုင်ဂျာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ နိုင်ဂျာသမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံဖြစ်ပြီး အုပ်ချုပ်ရေးဒေသရှစ်ခုဖြင့်ပိုင်းခြားထားသည်။ နိုင်ဂျာနိုင်ငံသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ပိုင်းခြားကာ တရားဥပဒေစိုးမိုးရေးကို အခြေခံသည့်ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံဖြစ်သည်။ နိုင်ဂျာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးများကို အာမခံချက်ပေးထားသည်။ ဖွဲ့စည်းပုံအခြေခံကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ကုစားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အပါအဝင်လွတ်လပ်သည့် တရားစီရင်ရေးစနစ်က အကောင်အထည်ဖော်ဆောင်ရွက်ပေးသည်။ နိုင်ငံ၏ စီးပွားရေးစနစ်မှာ ဖွံ့ဖြိုးဆဲဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။

## နိုင်ငံ၏ပထဝီအနေအထား

၂။ နိုင်ဂျာသမ္မတနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာ ၁,၂၇၀,၀၀၀ခန့်ကျယ်ဝန်းသည်။ အနောက်အာဖရိကတွင်ရှိသော အကြီးဆုံးကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ဂျာမြစ်ကို အစွဲပြု၍မှည့်ခေါ်ထားခြင်းဖြစ်သည်။ အရှေ့ဘက်တွင် ချက်နိုင်ငံ၊ အရှေ့မြောက်ဘက်တွင် လစ်ဗျားနိုင်ငံ၊ တောင်ဘက်တွင် နိုင်ဂျီးရီးယားနိုင်ငံနှင့် ဘီနင်နိုင်ငံ၊ အနောက်ဘက်တွင် ဘာကီနာဖာဆိုနိုင်ငံနှင့် မာလီနိုင်ငံ၊ မြောက်ဘက်တွင်အယ်လ်ဂျီးရီးယားနိုင်ငံတို့က ဝန်းရံထားပြီး နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းမှာ ဆာဟာရသဲကန္တာရမြေဖြစ်သည်။ လူဦးရေမှာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ စာရင်းအရ ၂၄ သန်းကျော်ရှိပြီး တောင်ဘက်စွန်းပိုင်းနှင့် အနောက်ပိုင်းတွင် အများစုနေထိုင်ကြသည်။ မြို့တော်မှာ နီယာမေမြို့ဖြစ်သည်။ တရားဝင် ရုံးသုံးဘာသာစကားမှာ ပြင်သစ်ဘာသာစကားဖြစ်သည်။ နိုင်ဂျာနိုင်ငံသည် ယခင်အာဖရိက ညီညွတ်ရေးအဖွဲ့ဟုခေါ်သော အာဖရိကသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။



၃။ နိုင်ဂျာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံသော်လည်း စိုက်ပျိုးမြေအလွန်နည်းပါးသည့် နိုင်ငံဖြစ်ပါသည်။ အဓိကစိုက်ပျိုးသီးနှံများအဖြစ် ကောက်နှံ၊ မြေပဲနှင့် ဝါတို့ကိုစိုက်ပျိုးကာ ကျွဲနွားမွေးမြူရေးသည် အရေးပါဆုံးသော လုပ်ငန်းတစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေးသည် ယူရေနီယံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် သံစသည့် တွင်းထွက်ပစ္စည်းတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် ရပ်တည်လျက်ရှိပါသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတွင်အနိမ့်ဆုံးနိုင်ငံများတွင်ပါဝင်ပြီး ကမ္ဘာအဆင့် ၁၈၈ ရှိသောနိုင်ငံဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာပုံ

၄။ နိုင်ဂျာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် ပြင်သစ်ကိုလိုနီအုပ်ချုပ်မှုအောက်မှ အုပ်ချုပ်ရေးနှင့်နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအဖြစ် ထင်ထင်ရှားရှားသီးခြားရပ်တည်ပြီး ပေါ်ထွက်လာခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သော ဆာကလပ်ဒူမိုရမ်-နိုင်ဂျာ (Cercle du Moyen-Niger) ကိုရိုးရှင်းသော အုပ်ချုပ်ပုံစနစ်ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် နိုင်ဂျာနိုင်ငံ၏ စစ်အုပ်ချုပ်ရေးနယ်မြေဖြစ်လာပြီး ၁၉၂၂ ခုနှစ်တွင် နိုင်ဂျာနယ်မြေဖြစ်လာကာ ပြင်သစ်အနောက်အာဖရိက၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် ပြင်သစ်ကိုလိုနီနယ်မြေတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။

၅။ ၁၉၄၆ ခုနှစ်၊ စတုတ္ထမြောက်ပြင်သစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးပြင်သစ်ကိုလိုနီအင်ပါယာကို အဆုံးသတ်စေခဲ့သည်။ နိုင်ဂျာဒေသသည် ပြင်သစ်ပြည်ထောင်စု၏ပင်လယ်ရပ်ခြားဒေသတစ်ခုဖြစ်လာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ဂျာနိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုအားပေးသည့် အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့သည်။

၆။ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့၌ ပြင်သစ်နိုင်ငံတွင် လူထုဆန္ဒခံယူပွဲကျင်းပပြီးနောက် နိုင်ဂျာဒေသသည် ပြင်သစ်လူ့အဖွဲ့အစည်းအဖွဲ့ဝင်ဒေသတစ်ခုဖြစ်လာခဲ့သည်။ နိုင်ဂျာအုပ်ချုပ်ရေးနှင့် လွှတ်တော်စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ဒီဇင်ဘာလ ၈ ရက်နေ့တွင် နိုင်ဂျာသမ္မတနိုင်ငံအဖြစ်ကြေညာခဲ့သည်။

၇။ ပြင်သစ်လူ့အဖွဲ့အစည်း အဖွဲ့ဝင်နိုင်ငံများ၏ ဘုံစံနှုန်းသဘောတူညီချက်ပေါ် အခြေခံ၍ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး နိုင်ငံသစ်ကိုတည်ထောင်ခဲ့သည်။ လွတ်လပ်သည့် ခေတ်သစ်နိုင်ဂျာသမ္မတနိုင်ငံ၏ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် သမ္မတဦးဆောင်သည့်စနစ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

၈။ ၁၉၇၄ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းခဲ့ပြီး အရပ်ဘက်အစိုးရကို ဖြုတ်ချခဲ့သည်။ အမြင့်ဆုံး တပ်မတော်ကောင်စီဟုခေါ်ဆိုသည့် စစ်အာဏာရှင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများကို ချက်ချင်းရပ်ဆိုင်းခဲ့ပြီး လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။

၉။ ဒုတိယသမ္မတနိုင်ငံအဖြစ် တစ်ခေတ်ဆန်းပေါ်ပေါက်စေခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီစနစ်ကို ပြန်လည်ထူထောင်ရန်နှင့် ပြည်သူများ၏တည်ငြိမ်အေးချမ်းရေးတို့အတွက် အဓိကထား ဆောင်ရွက်ရမည့် ရည်ရွယ်ချက်များပါဝင်သည်။ ၁၉၉၁ ခုနှစ်တွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏တက်ကြွသော တောင်းဆိုမှုများကြောင့် အမျိုးသားညီလာခံတစ်ရပ်ကျင်းပရေးကို ဦးတည်ခဲ့သည်။ လူအများလက်ခံသဘောတူထားသည့် ညီလာခံဆွေးနွေးပွဲသည် နိုင်ငံတွင်ကျင့်သုံးနေသော တစ်ပါတီစနစ်ကို ဖျက်သိမ်းခဲ့ပြီး လစ်ဘရယ် (လွတ်လပ်စွာတွေးခေါ်ခွင့်ပြုခြင်း) စနစ်ဆီသို့ လမ်းဖွင့်ပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ၁၉၉၂ ခုနှစ်တွင် ရေးဆွဲ ချမှတ်ခဲ့ပြီး တတိယ သမ္မတနိုင်ငံအဖြစ် ပေါ်ပေါက်စေခဲ့သည်။

၁၀။ အုပ်ချုပ်ရေးကဏ္ဍ၏ထိပ်ပိုင်းတွင် ပြင်းထန်သောယှဉ်ပြိုင်မှုများ အစပြုပြီးနောက် စစ်တပ်မှ နောက်တစ်ကြိမ် ထပ်မံ၍ နိုင်ငံရေးဖြစ်ရပ်များသို့ ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ စတုတ္ထသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၆ ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့သည်။ လူမှုရေးနှင့် နိုင်ငံရေး မငြိမ်သက်မှုများနှင့် ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မှုများထပ်ခါထပ်ခါ ဖြစ်ပွားလာပြီးနောက် ၁၉၉၉ ခုနှစ်တွင် စစ်တပ်မှထပ်မံအာဏာသိမ်းယူခဲ့သည်။ ထိုနှစ်တွင်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုခဲ့ပြီး အရပ်ဘက်အစိုးရထံသို့ အာဏာလွှဲပေးခြင်းဖြင့် ပဥ္စမသမ္မတနိုင်ငံကို စတင်ခဲ့သည်။

၁၁။ နိုင်ဂျာသမ္မတနိုင်ငံ၏ ၁၉၉၉ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၉၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း သမ္မတနှင့်ဝန်ကြီးချုပ်တို့ ပူးတွဲအုပ်ချုပ်သည့်စနစ်ကို ပြန်လည်ဖော်ထုတ်ခြင်းဖြစ်သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတကို (၅) နှစ်သက်တမ်းအတွက် နိုင်ငံတစ်ဝန်းလုံးမှ တိုက်ရိုက်ဆန္ဒမဲပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။ အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးရန် ဝန်ကြီးချုပ်၏အမည်ကို သမ္မတကအဆိုပြုရမည်ဖြစ်သည်။ နိုင်ဂျာနိုင်ငံ၏ လူဦးရေများပြားလာမှုကြောင့် တစ်ရပ်တည်းသောလွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်ကို ၂၀၀၄ ခုနှစ်တွင် များရာဆန္ဒမဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ် ၁၁၃ ဦးထိတိုးမြှင့်ပြီး (၅)နှစ် သက်တမ်းအတွက် ရွေးကောက်တင်မြှောက်သည်။ နိုင်ငံရေးပါတီများအနေဖြင့် ဥပဒေပြုအဖွဲ့တွင် ပါဝင်နိုင်ရန်အလို့ငှာ အနည်းဆုံးဆန္ဒမဲ ၅ ရာခိုင်နှုန်း ရရှိရမည်ဖြစ်သည်။

၁၂။ ၂၀၀၉ ခုနှစ်တွင် သမ္မတ မာမာဒူတန်ဂျာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ ဆန္ဒခံယူပွဲကြောင့် ၁၉၉၉ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရပ်ဆိုင်းကာ ပြီးပြည့်စုံသောသမ္မတစနစ်ကိုကျင့်သုံးပြီး ဆဋ္ဌမသမ္မတနိုင်ငံကို တည်ထောင်ခဲ့သည်။ ကြားကာလအစိုးရ ၃ နှစ်သက်တမ်းအတွက် တန်ဂျာကို သမ္မတအဖြစ်တင်မြှောက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် တရားမဝင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကြေညာခဲ့သည်။ သို့သော် တန်ဂျာသည် အရေးပေါ်ကာလအာဏာကြောင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုကာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖျက်သိမ်းခဲ့သည်။ အတိုက်အခံများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၈ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ထောက်ခံမဲ ၉၂.၅ ရာခိုင်နှုန်းရရှိခဲ့သည်ဟု တရားဝင်ရလဒ်များအရ ဖော်ပြထားသည်။

၁၃။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စစ်တပ်မှအာဏာသိမ်းပြီး သမ္မတ မာမာဒူတန်ဂျာကို ရာထူးမှဖြုတ်ချခဲ့သည်။ အာဏာသိမ်းစစ်အစိုးရက ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးကောင်စီကိုဖွဲ့စည်းခဲ့ပြီး နိုင်ငံရေးအသွင်ကူးပြောင်းရေးကာလကို Salou Djibo ဦးဆောင်သောအဖွဲ့ဖြင့် ဖွဲ့စည်းခဲ့သည်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီး တရားဝင်ရလဒ်များအရ မဲပေးပိုင်ခွင့်ရှိသည့်လူဦးရေ ၅၂.၀၂ ရာခိုင်နှုန်းမှ ထောက်ခံမဲ ၉၀.၁၉ ရာခိုင်နှုန်းရရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၄။ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ရွေးကောက်ပွဲတွင် သမ္မတ မဟာမာဒူအစ်ဇိုဖူ အာဏာရခဲ့ပြီး သမ္မတသက်တမ်း (၂) ကြိမ် အုပ်ချုပ်ခဲ့ပါသည်။

၁၅။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် သမ္မတ မိုဟာမက်ဘာဇိုရွန် အာဏာရခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် သမ္မတ မိုဟာမက်ဘာဇိုရွန်ကို သမ္မတ၏ ကိုယ်ရံတော် တပ်ဖွဲ့မှူးဖြစ်သည့် ဗိုလ်ချုပ်ကြီး အဗ္ဗဒူရဟင်းချီယာနီက ဖမ်းဆီးထိန်းသိမ်းပြီး အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ထားခဲ့သည်။

၁၆။ နိုင်ဂျာသမ္မတနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ခုနှစ်ခုရေးဆွဲပြဋ္ဌာန်းခဲ့ပြီး၊ များပြားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုနှစ်ကြိမ်နှင့် ပြင်သစ်ကိုလိုနီအုပ်ချုပ်မှုမှ လွတ်လပ်ရေးရပြီးချိန် ၁၉၆၀ ခုနှစ်မှစ၍ အမိန့်ညွှန်ကြားချက်များနှင့် အုပ်ချုပ်သည့်ကာလနှစ်ခုရှိခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခဲ့သည့် ခုနှစ်များ

၁၇။ နိုင်ဂျာသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၉ ခုနှစ်၊ ၁၉၆၀ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၁၉၉၂ ခုနှစ်၊ ၁၉၉၆ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ် စုစုပေါင်း (၇) ကြိမ်ပြင်ဆင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၄ ခုနှစ်တွင်တစ်ကြိမ် ပြင်ဆင်ခဲ့သည်။

## ဥပဒေပြုရေး

၁၈။ ဥပဒေပြုရေးအာဏာကို တစ်ခုတည်းသောဥပဒေပြုအဖွဲ့ဖြစ်သည့် ကိုယ်စားလှယ်များပါဝင်သော အမျိုးသားလွှတ်တော်က ကျင့်သုံးဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်သည် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ကိုယ်တိုင်ဆောင်ရွက်သည်။[၁] လွှတ်တော်ကိုယ်စားလှယ်များကို မဲပေးပိုင်ခွင့်ရှိသူအားလုံးမှ လွတ်လပ်၍မျှတသော လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အသက် (၂၁) နှစ်ပြည့်ပြီးသူ နိုင်ဂျာ နိုင်ငံသား အမျိုးသား/အမျိုးသမီးများနှင့် နိုင်ငံရေးနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးရှိသူများသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံနိုင်သည်။

၁၉။ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏စာရင်းများတွင် အနည်းဆုံးအခြေခံပညာ အလယ်တန်းအဆင့်အောင်လက်မှတ် သို့မဟုတ် အဆင့်တူလက်မှတ်ရရှိသူ ကိုယ်စားလှယ်အနည်းဆုံး ၇၅ ရာခိုင်နှုန်းပါဝင်ရမည်ဖြစ်ပြီး ကျန်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှာ ယင်းအဆင့်မရရှိသူများပါဝင်နိုင်သည်။ ၎င်းတို့၏နယ်မြေဒေသအလိုက် အထူးကန့်သတ်ချက်များလည်းရှိသည်။

၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အရေအတွက်၊ ကိုယ်စားလှယ်များ၏ နစ်နာကြေးနှင့် အကျိုးခံစားခွင့်များ၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိ/မရှိ အခြေအနေများ မဲပေးမှုစနစ်နှင့်ကိုယ်စားလှယ်နေရာလစ်လပ်သည့် အခြေအနေတို့ကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။[၂]

၂၁။ အမျိုးသားလွှတ်တော်၏ သက်တမ်းသည် (၅) နှစ်ဖြစ်သည်။ အမျိုးသားလွှတ်တော်ပြန်လည်ဖွဲ့စည်းရန်အတွက် အထွေထွေရွေးကောက်ပွဲကို လက်ရှိအမျိုးသားလွှတ်တော် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၆၀) မှ အများဆုံးရက်ပေါင်း (၉၀) အတွင်း ကျင်းပရမည်။[၃]

၂၂။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပါလီမန်ဆိုင်ရာ ကင်းလွတ်ခွင့်များ ခံစားခွင့်ရှိသည်။ မည်သည့်ကိုယ်စားလှယ်ကိုမဆို လုပ်ငန်းတာဝန်များထမ်းဆောင်နေစဉ်အတွင်း တရား

---

[၁] Niger Constitution of 2010, art- 83

[၂] Ibid art- 84

[၃] Ibid art- 85

စွဲဆိုခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ၎င်း၏လွှတ်တော်အတွင်း အကြံပြုခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့ကို ထုတ်ဖော်ပြောဆိုစေခြင်းမပြုရ။[၄]

၂၃။ ဥပဒေပြုလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ရပြီး ဗြူရို (Bureau) အဖွဲ့ဝင်များကို နှစ်စဉ်ရွေးချယ်တင်မြှောက်ရသည်။[၅]

၂၄။ အမျိုးသားလွှတ်တော်သည် ဥပဒေများပြဋ္ဌာန်းခြင်းနှင့် အခွန်ကောက်ခံခြင်းများအတွက် ဥပဒေပြဋ္ဌာန်းရန် အများစုဆန္ဒမဲဖြင့်မဲခွဲဆုံးဖြတ်သည်။ အမျိုးသားလွှတ်တော်သည် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ထိန်းကျောင်းသည်။[၆]

၂၅။ အမျိုးသားလွှတ်တော်အစည်းအဝေးကို အများပြည်သူရှေ့မှောက်တွင် ကျင်းပရသည်။ အစည်းအဝေး မှတ်တမ်းအပြည့်အစုံကို နိုင်ငံပိုင်ပြန်တမ်းတွင်ဖော်ပြရသည်။ ဝန်ကြီးချုပ် သို့မဟုတ် ကိုယ်စားလှယ်စုစုပေါင်း၏ ၃ ပုံ ၁ ပုံ ကတောင်းဆိုလျှင် အမျိုးသားလွှတ်တော် တံခါးပိတ်အစည်းအဝေးကို ကျင်းပနိုင်သည်။[၇]

၂၆။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဝန်ကြီးချုပ် သို့မဟုတ် အခြားအစိုးရအဖွဲ့ဝင်တစ်ဦးဦးထံသို့ ဖြေရှင်းချက်ပေးရန် စာပေးပို့နိုင်သည်။ ပေးပို့ခံရသူသည် ယင်းတာဝန်မှ ရှောင်လွှဲ၍မရနိုင်ပေ။[၈]

၂၇။ အမျိုးသားလွှတ်တော်သည် စစ်ကြေညာခြင်းကို ဆောင်ရွက်ခွင့်ရှိသည်။ လွှတ်တော်ဖျက်သိမ်းထားချိန်တွင် နိုင်ငံကိုပြည်ပမှကျူးကျော်မှုပြုပါက နိုင်ငံတော်သမ္မတက ဝန်ကြီးများကောင်စီ၌ စစ်ကြေညာခြင်းပြုနိုင်သည်။ အမျိုးသားလွှတ်တော်သည် တပ်ဖွဲ့များကိုပြည်ပသို့ စေလွှတ်ခွင့်ရှိသည်။[၉] အမျိုးသားလွှတ်တော်တွင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်များကို ကန့်ကွက်သည့်အဆိုကိုဖြစ်စေ၊ ယုံကြည်မှုမရှိအဆိုကိုဖြစ်စေ တင်သွင်းနိုင်သည်။

၂၈။ ကန့်ကွက်သည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံး ၅ ပုံ ၁ ပုံ ကလက်မှတ်ရေးထိုး၍ အမျိုးသားလွှတ်တော်သို့ တင်သွင်းရသည်။ အဆိုတင်သွင်းပြီးနောက် ၄၈ နာရီအတွင်း မဲခွဲဆုံးဖြတ်ခြင်းပြုလုပ်ရမည် ဖြစ်သည်။ ယင်းအဆိုကိုကိုယ်စားလှယ်အများစု၏ ထောက်ခံမဲဖြင့် သာအတည်ပြုရမည်။ အဆိုကိုပယ်ချပါက လက်မှတ်ရေးထိုးသူများအနေဖြင့် ယင်းအစည်းအဝေးကျင်းပနေသည့်ကာလအတွင်း နောက်ထပ်အဆိုသစ်တစ်ခုကို တင်သွင်းခွင့်မရှိပါ။

---

[၄] Ibid art- 88

[၅] Niger Constitution of 2010, art- 89

[၆] Ibid art- 90

[၇] Ibid art- 93

[၈] Ibid art- 98

[၉] Ibid art- 104

၂၉။ ဝန်ကြီးချုပ်သည် ဝန်ကြီးများကောင်စီတွင် ဆွေးနွေးညှိနှိုင်းပြီးနောက် အမျိုးသားလွှတ်တော်တွင် အစိုးရကိုအယုံအကြည်ရှိကြောင်းတင်ပြရမည်။ ထောက်ခံမဲအများစုရရှိပါက အဆိုပါတင်ပြချက်ကို အတည်ပြုရမည်။[၁၀]

၃၀။ အစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနည်းတူ ဥပဒေများကို စတင်တင်သွင်းခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့သည် ဥပဒေများကိုပြင်ဆင်ရန် အဆိုတင်သွင်း ခွင့်ရှိသည်။[၁၁]

## အုပ်ချုပ်ရေး

## နိုင်ငံတော်သမ္မတ

၃၁။ နိုင်ငံတော်သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ကိုယ်စားပြုသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏လွတ်လပ်ရေး၊ စည်းလုံးညီညွတ်မှု၊ ပိုင်နက်နယ်မြေ၏ ဂုဏ်သိက္ခာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှု၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်သဘောတူညီချက်များကိုအာမခံရသည်။ ၎င်းသည် အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် နိုင်ငံ၏ စဉ်ဆက်မပြတ်လုပ်ဆောင်ရသည့် ပုံမှန်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်လည်း အာမခံရသည်။[၁၂]

၃၂။ နိုင်ငံတော်သမ္မတကို လွတ်လပ်ပြီးတရားမျှတသည့် တိုက်ရိုက်လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ရာထူးသက်တမ်းမှာ (၅) နှစ်ဖြစ်ပြီး နောက်ထပ်တစ်ကြိမ်သာ ပြန်လည်ရွေးကောက်ခံနိုင်သည်။ မည်သူမျှသမ္မတရာထူး သက်တမ်းကို (၂) ကြိမ်ထက်ပို၍ထမ်းဆောင်ခြင်းမပြုရသည့်အပြင် မည်သည့်အကြောင်းပြချက်နှင့်မျှ ရာထူးသက်တမ်းကိုတိုးချဲ့ခြင်း မပြုရပေ။

၃၃။ အနည်းဆုံးအသက် ၃၅ နှစ်ပြည့်ပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ မွေးရာပါနိုင်ဂျာနိုင်ငံသားဖြစ်သူ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးရှိသူ အမျိုးသား၊ အမျိုးသမီးမရွေး နိုင်ငံတော်သမ္မတအဖြစ် အရွေးချယ်ခံပိုင်ခွင့်ရှိသည်။[၁၃]

၃၄။ သမ္မတရွေးကောက်ပွဲကို လက်ရှိသမ္မတသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၉၀ မှ အများဆုံးရက်ပေါင်း ၁၂၀ အတွင်းပြုလုပ်ရသည်။ ရွေးကောက်ပွဲကို နှစ်ကျော့ပြုလုပ်ရသည်။ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း ၂ ဦးအတွက် ဒုတိယအကျော့ရွေးကောက်ပွဲကို ၂၁

[၁၀] Niger Constitution of 2010, art- 107

[၁၁] Ibid art- 109

[၁၂] Ibid art- 46

[13] Ibid art- 47

ရက်အတွင်းပြုလုပ်ရသည်။ ဒုတိယအကျော့ရွေးကောက်ပွဲတွင် ဆန္ဒမဲအများဆုံးရရှိသူကို နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ရသည်။ ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကကြေညာရသည်။[၁၄]

၃၅။ သမ္မတသစ်၏ ရာထူးသက်တမ်းမှာ လက်ရှိသမ္မတရာထူးစွန့်လွှတ်သည့်နေ့မှစတင်သည်။ သမ္မတသစ်သည် လုပ်ငန်းတာဝန် စတင်ဆောင်ရွက်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရသည်။[၁၅]

၃၆။ သေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် အမြဲတမ်းတာဝန်မထမ်းဆောင်နိုင်ခြင်းစသည့် အခြေအနေများကြောင့် သမ္မတရာထူးနေရာလစ်လပ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရသည်။ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယာယီတာဝန်ထမ်းဆောင်ရသည်။[၁၆]

၃၇။ နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်ကို ခန့်အပ်ရပြီး ၎င်းအားတာဝန်မှရပ်စဲခြင်းလည်းပြုနိုင်သည်။ သမ္မတက ဝန်ကြီးချုပ်၏ အဆိုပြုချက်ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ခန့်အပ်ရသည်။ သမ္မတကဝန်ကြီးများကိုလည်း တာဝန်မှရပ်စဲခြင်းပြုနိုင်သည်။

၃၈။ နိုင်ငံတော်သမ္မတ ပြည်ပခရီးသွားရောက်ခြင်း၊ ဖျားနာခြင်း သို့မဟုတ် အားလပ်ရက်ခံစားခြင်းတို့ကြောင့် ခေတ္တလစ်လပ်သည့်ကာလတွင် ဝန်ကြီးချုပ်က ၎င်းအားအပ်နှင်းထားသည့်အတိုင်း အတာအလျောက် သမ္မတအာဏာများကို ကျင့်သုံးနိုင်သည်။[၁၇]

၃၉။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးများကောင်စီ ဥက္ကဋ္ဌဖြစ်ပြီး ဝန်ကြီးများကောင်စီကိုကြီးမှူးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အခြေအနေတွင် ဝန်ကြီးချုပ်က ဝန်ကြီးများကောင်စီကို အစားထိုးကြီးမှူးရသည်။ ဝန်ကြီးများကောင်စီ အစည်းအဝေးအစီအစဉ်ကို နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့နှစ်ဦးသဘောတူညီချက်ဖြင့်ဆောင်ရွက်ရသည်။[၁၈]

၄၀။ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ပေးပို့လာသည့် ဥပဒေများကို ၁၅ ရက်အတွင်း ထုတ်ပြန်ကြေညာရသည်။ လွှတ်တော်ကအရေးပေါ်အဖြစ်တောင်းဆိုပါက ၅ ရက်အတွင်း ထုတ်ပြန်ကြေညာရသည်။ ယင်းသတ်မှတ်ရက်မကုန်ဆုံးမီ နိုင်ငံတော်သမ္မတက ဥပဒေတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဆွေးနွေးရန်အမျိုးသားလွှတ်တော်သို့ပေးပို့နိုင်

[၁၄] Niger Constitution of 2010, art- 48

[၁၅] Ibid art- 49

[၁၆] Ibid art- 53

[၁၇] Ibid art- 56

[၁၈] Ibid art- 57

သည်။ ယင်းသို့ပေးပို့ပါက လွှတ်တော်တွင်ဒုတိယအကြိမ် မဖြစ်မနေဆွေးနွေးရသည်။ လွှတ်တော်တွင် ဒုတိယအကြိမ်ဆွေးနွေးပြီး ကိုယ်စားလှယ်အများစု၏ ထောက်ခံချက်ဖြင့် အတည်ပြုပြီးပါက ယင်းဥပဒေကို အများပြည်သူသို့ထုတ်ပြန်ကြေညာရသည်။[၁၉]

၄၁။ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းနိုင်သည်။ လွှတ်တော်ဖျက်သိမ်းပြီးနောက် အနည်းဆုံး ရက်ပေါင်း ၆၀၊ အများဆုံးရက်ပေါင်း ၉၀ အတွင်းရွေးကောက်ပွဲအသစ်ကို ကျင်းပရမည်။ ရွေးကောက်ပွဲ ကျင်းပပြီး ၂၄ လအတွင်း လွှတ်တော်ကိုဖျက်သိမ်းခွင့်မရှိပါ။ လွှတ်တော်ဖျက်သိမ်းပြီးနောက် သတ်မှတ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိပါက ဖျက်သိမ်းခံလိုက်ရသည့် မူလလွှတ်တော်က ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။[၂၀]

၄၂။ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌတို့၏ အကြံပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲသို့ တင်သွင်းနိုင်သည်။[၂၁]

၄၃။ နိုင်ငံတော်သမ္မတသည် ပြည်ပနိုင်ငံများသို့ သံအမတ်များ၊ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံတမန်များကို ခန့်အပ်စေလွှတ်နိုင်သည်။ ပြည်ပနိုင်ငံများမှ သံအမတ်များ၊ သံတမန်များကိုလည်းလက်ခံနိုင်သည်။[၂၂]

၄၄။ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအကြီးအကဲဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ အမျိုးသားကာကွယ်ရေးကောင်စီနှင့် အမျိုးသားလုံခြုံရေးကောင်စီတို့က နိုင်ငံတော်သမ္မတကို အထောက်အကူပြုရသည်။[၂၃]

၄၅။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ လုပ်ငန်ဆောင်တာများကို ညွှန်ကြားခြင်း၊ သက်ဝင်လှုပ်ရှားစေခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ပြုသည်။ ဝန်ကြီးချုပ်သည် ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အာမခံရသည်။ ဝန်ကြီးချုပ်က ၎င်း၏လုပ်ပိုင်ခွင့်အချို့ကို ဝန်ကြီးများအား အပ်နှင်းနိုင်သည်။ အတိအလင်းလွှဲအပ်ခြင်းနှင့် သတ်မှတ်ထားသည့် အစီအစဉ်များအရ ဝန်ကြီးများကောင်စီကို သမ္မတကိုယ်စားဝန်ကြီးချုပ်က ကြီးမှူးဆောင်ရွက်ရသည်။ ဝန်ကြီးချုပ်သည် လုပ်ငန်း

[၁၉] Niger Constitution of 2010, art- 58

[၂၀] Ibid art- 59

[၂၁] Ibid art- 60

[၂၂] Ibid art- 61

[၂၃] Ibid art- 62-63

တာဝန်များ စတင်ဆောင်ရွက်ခြင်းမပြုမီ အမျိုးသားလွှတ်တော် ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို ရသည်။[၂၄]

၄၆။ ဝန်ကြီးချုပ်သည် ဝန်ကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းများကိုထပ်ဆင့် တာဝန်ခံရသည်။ အစိုးရအဖွဲ့သည် နိုင်ငံတော်၏မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ အစိုးရအဖွဲ့သည် လွှတ်တော်ကအယုံအကြည်မရှိ အဆိုတင်သွင်းသည့်အခါ လွှတ်တော်တွင်ဖြေရှင်းရန် တာဝန်ရှိသည်။ ဝန်ကြီးများကောင်စီတွင် ညှိနှိုင်းဆွေးနွေးပြီးဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က အမျိုးသားလွှတ်တော်တွင် အထွေထွေမူဝါဒကို တင်ပြရသည်။[၂၅]

၄၇။ အစိုးရအဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်မဖြစ်ရပေ။ ထို့ပြင်ကျွမ်းကျင်မှုဖြင့် အသက် မွေးဝမ်းကျောင်းအလုပ်အကိုင်တစ်ခုခုကို ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက် ခြင်းမပြုရ။ အစိုးရဝန်ထမ်းလည်းမဖြစ်ရပေ။ အစိုးရအဖွဲ့ဝင်များသည် ကိုယ်ကျင့်တရားကောင်းမွန် သူများဖြစ်ရမည်။[၂၆]

## တရားစီရင်ရေး

၄၈။ တရားစီရင်ရေးအာဏာသည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာတို့မှ ကင်းလွတ်သည်။ တရားစီရင်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ကောင်စီ၊ စာရင်းစစ်တရားရုံး၊ တရားရုံးများနှင့် ခုံရုံးများက ကျင့်သုံးသည်။[၂၇]

၄၉။ တရားသူကြီးများသည် လွတ်လပ်မှုရှိပြီး ဥပဒေကိုသာ လေးစားလိုက်နာရသည်။ အပိုဒ် ၁၁၉ အရ တရားသူကြီးများကို အဆင့်မြင့်တရားသူကြီးကောင်စီ၏ အကြံပြုချက်အရ တရားရေးဝန်ကြီးက အဆိုပြုတင်ပြပြီး နိုင်ငံတော်သမ္မတခန့်အပ်သည်။[၂၈]

## တရားလွှတ်တော်ချုပ် (Court of Cassation)

၅၀။ တရားလွှတ်တော်ချုပ်သည် နောက်ဆုံးအယူခံနိုင်သည့် တရားရုံးဖြစ်ပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အမြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်သည်။ ယင်း၏ ဖွဲ့စည်းပုံ၊ အရည်အချင်း နှင့်လုပ်ငန်းဆောင်ရွက်မှုတို့အတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်ဖြစ်သည်။[၂၉]

[၂၄] Niger Constitution of 2010, art- 73

[၂၅] Ibid art- 76

[၂၆] Ibid art- 80

[၂၇] Ibid art- 116

[၂၈] Ibid art- 118

[၂၉] Niger Constitution of 2010, art- 136

## နိုင်ငံတော်ကောင်စီ (Council of State)

၅၁။ နိုင်ငံတော်ကောင်စီသည် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များတွင် အမြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ပြီး စီမံခန့်ခွဲရေးအာဏာပိုင်တို့၏ လုပ်ပိုင်ခွင့်ကိုကန့်သတ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာဥပဒေများကို အနက်အဓိပ္ပါယ်ဖွင့်ဆိုပေးခြင်းတို့ကို ဆောင်ရွက်သည်။ ထို့ပြင် နိုင်ငံတော်ကောင်စီသည် ဝန်ကြီးချုပ်ကတင်ပြသည့် ဥပဒေကြမ်းများအပေါ် အကြံဉာဏ်ပေးခြင်းနှင့် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များထုတ် ပြန်ရာတွင်ကြုံတွေ့ရသည့် အခက်အခဲများအပေါ် အကြံပြုခြင်းတို့ကို ဆောင်ရွက်သည်။[၂၀]

## စာရင်းစစ်တရားရုံး (Court of Account)

၅၂။ စာရင်းစစ်တရားရုံးသည် ပြည်သူ့ဘဏ္ဍာရေး ထိန်းချုပ်မှုတွင် အမြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသည်။ ယင်းတရားရုံးသည် ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှု သာမကအကြံပြုမှုကိုလည်း ဆောင်ရွက်ပိုင်ခွင့်ရှိသည်။[၂၁]

၅၃။ စာရင်းစစ်တရားရုံးတရားသူကြီးများကို နိုင်ငံတော်၊ နယ်မြေအစုအဖွဲ့များ၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းများ၊ လွတ်လပ်သည့်စီမံခန့်ခွဲရေးအာဏာပိုင်များနှင့် နိုင်ငံတော်၏ ဘဏ္ဍာရေးအထောက်အပံ့ရရှိသည့် အဖွဲ့အစည်းများထဲမှ ရွေးချယ်ခန့်အပ်သည်။

## တရားမျှတမှုဆိုင်ရာတရားလွှတ်တော် (High Court of Justice)

၅၄။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့် တရားမျှတမှုဆိုင်ရာ တရားလွှတ်တော်လည်းရှိသည်။ ယင်းတရားလွှတ်တော်သည် နိုင်ငံတော်သမ္မတအပေါ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုနှင့် အစိုးရအဖွဲ့ဝင်များအပေါ် သီးခြားပြဋ္ဌာန်းထားသည့် ဥပဒေပါပြစ်မှုများကျူးလွန်မှုတို့ကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။[၂၂]

၅၅။ တရားမျှတမှုဆိုင်ရာတရားလွှတ်တော်ကို အမျိုးသားလွှတ်တော်က ရွေးချယ်သည့် ကိုယ်စားလှယ် (၄) ဦး၊ တရားလွှတ်တော်ချုပ် တရားသူကြီး (၁) ဦး၊ နိုင်ငံတော်ကောင်စီမှ တရားသူကြီး (၁)ဦး၊ စာရင်းစစ်တရားရုံး တရားသူကြီး (၁) စုစုပေါင်း (၇) ဦးဖြင့်ဖွဲ့စည်းသည်။

---

[၂၀] Ibid art- 137

[၂၁] Ibid art- 141

[၂၂] Ibid art- 142-143

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

## ရွေးချယ်ခန့်အပ်ခြင်း

၅၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းသည်။ အဖွဲ့ဝင်များကို အောက်ပါအတိုင်းရွေးချယ်သည်-

(က) တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးတွင်အတွေ့အကြုံများပြီး အရည်အချင်းပြည့်ဝသူများအနက် နိုင်ငံတော်သမ္မတက အဆိုပြုသူ ၁ ဦးနှင့် အမျိုးသားလွှတ်တော်ဖြူရိုက အဆိုပြုသူ ၁ ဦး၊ စုစုပေါင်း ၂ ဦး၊

(ခ) တရားသူကြီးများအနက် အချင်းချင်းရွေးချယ်သည့် တရားသူကြီး ၂ ဦး၊

(ဂ) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၀ နှစ်ရှိသည့် ရှေ့နေများအနက်အချင်းချင်းရွေးချယ်သူ ၁ ဦး၊

(ဃ) အများပြည်သူဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိပြီးသည့် ပါမောက္ခသုတေသီများအနက် အချင်းချင်းရွေးချယ်သူ ၁ ဦး၊

(င) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီမြှင့်တင်ရေးအဖွဲ့အစည်းများမှ အချင်းချင်းရွေးချယ်သည့် ကိုယ်စားလှယ် ၁ ဦး၊ (၎င်းသည် အနည်းဆုံးအများပြည်သူဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။)

၅၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များကို ၆ နှစ် သက်တမ်းအတွက် နိုင်ငံတော်သမ္မတခန့်အပ်ပြီးနောက်တစ်ကြိမ်အရွေးအချယ်ခံခွင့်မရှိပါ။ အဖွဲ့ဝင်များအနက် သုံး ပုံ တစ် ပုံ ကို နှစ်နှစ်လျှင်တစ်ကြိမ် အစားထိုးရွေးချယ်သည်။[၃၃]

၅၈။ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ဥက္ကဋ္ဌကို ၃ နှစ် သက်တမ်းအတွက် အဖွဲ့ဝင်များအနက်မှ အချင်းချင်းရွေးချယ်တာဝန်ပေးအပ်သည်။

## လုပ်ငန်းတာဝန်များ

၅၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေများ၊ တစ်ချက်လွှတ်ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိဆုံးဖြတ်ခြင်း၊

[၃၃] Niger Constitution of 2010, art- 121

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ယင်းတို့၏ရလဒ်များကို ကြေညာခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း၊ ရွေးကောက်ပွဲ အတည်ဖြစ်/ မဖြစ် ဆုံးဖြတ်ခြင်း၊

(င) လွှတ်တော်၏ စည်းမျဉ်းစည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ ဆုံးဖြတ်ခြင်း၊

(စ) အစိုးရ၏ အဖွဲ့အစည်းများအကြားဖြစ်ပွားသည့် လုပ်ပိုင်ခွင့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(ဆ) အပိုဒ် ၅၃ အရ နိုင်ငံတော်သမ္မတက သတ်မှတ်စည်းကမ်း ဖောက်ဖျက်ကြောင်း ကြေညာခြင်း၊

(ဇ) အပိုဒ် ၅၄ အရ နိုင်ငံတော်သမ္မတသည် အပြင်းအထန်နာမကျန်းဖြစ်ကြောင်း အတည်ပြုခြင်း၊

(ဈ) အပိုဒ် ၆၇ အရ အရေးပေါ်အခြေအနေပေါ်ပေါက်ခြင်းရှိ/မရှိ နိုင်ငံတော်သမ္မတကို အကြံပြုခြင်း၊

(ည) အပိုဒ် ၈၆ အရ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်း၏ အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ ဆုံးဖြတ်ခြင်း၊

(ဋ) အပိုဒ် ၁၄၂ အရ တရားမျှတမှုဆိုင်ရာ တရားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်းတို့ဖြစ်သည်။[၃၄]

## တင်သွင်းခွင့်ရှိသူများ

၆၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အောက်ပါပုဂ္ဂိုလ်/အဖွဲ့အစည်းများက အမှုတင်သွင်းခွင့်ရှိသည်-

(က) နိုင်ငံတော်သမ္မတ၊

(ခ) ဝန်ကြီးချုပ်၊

(ဂ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊

[၃၄] Niger Constitution of 2010, art- 120

(ဃ) လွှတ်တော်ကိုယ်စားလှယ် ၁၀ ပုံ ၁ ပုံ၊

(င) မှုခင်းများတွင်ပါဝင်သူ လူပုဂ္ဂိုလ်တစ်ဦးချင်း။

## အမှုစစ်ဆေးဆောင်ရွက်ခြင်း

၆၁။ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖောက်ဖျက် ကျူးလွန်ရာရောက်သည့် ဥပဒေကြမ်း၊ ပြင်ဆင်ချက်(မူကြမ်း)များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် ၁၀ ပုံ ၁ ပုံ က တင်သွင်းလာပါက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးမှ (၈) ရက်အတွင်း အဆုံးအဖြတ်ပေးရသည်။[၃၅]

၆၂။ ရွေးကောက်ပွဲတွင် အာဏာအလွှန်အကျွံသုံးစွဲကြောင်း လျှောက်ထားမှုကို ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးက (၅) ရက်အတွင်း အဆုံး အဖြတ်ပေးရသည်။[၃၆]

၆၃။ အဖွဲ့အစည်းဆိုင်ရာဥပဒေများ (Organic Laws)ကို ထုတ်ပြန်ကြေညာခြင်းမပြုမီလည်းကောင်း၊ အမျိုးသားလွှတ်တော်၏ စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်းမပြုမီလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်း ရသည်။[၃၇]

၆၄။ အထက်ပါကိစ္စရပ်ကို တင်သွင်းနိုင်သူများမှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် ၁၀ ပုံ ၁ ပုံ တို့ဖြစ်ကြ သည်။

၆၅။ ယင်းတင်သွင်းမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက (၁၅) ရက်အတွင်း အဆုံး အဖြတ်ပေးရသည်။ အစိုးရအဖွဲ့မှ တောင်းဆိုပါက (၅) ရက်အတွင်းဆုံးဖြတ်ရမည်။ ယင်းသို့ လျှောက်ထားစဉ်အတွင်း သက်ဆိုင်ရာဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းကို ထုတ်ပြန်ကြေညာ ခြင်းမပြုဘဲ ဆိုင်းငံ့ထားရသည်။

၆၆။ မည်သည့်စီရင်ပိုင်ခွင့်အရမဆို ဆောင်ရွက်သည့် အမှုအခင်းတစ်ရပ်တွင်ပါဝင်သူ လူပုဂ္ဂိုလ် တစ်ဦးဦးက ယင်းမှုခင်းတွင် အသုံးပြုသည့်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားပါက ယင်းအမှု ကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အချိန်အထိ ဆိုင်းငံ့

[၃၅] Niger Constitution of 2010, art- 110

[၃၆] Ibid art- 128

[၃၇] Ibid art- 131

ထားရမည်။ ထိုအမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးက ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ချက်ချမှတ်ရသည်။[၃၈]

၆၇။ အထက်အပိုဒ်ပါ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကဆုံးဖြတ်ပါက ယင်းမှာသိသာထင်ရှားသည့် အခွင့်အရေးကိုချိုးဖောက်ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရသည်။

၆၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အများပြည်သူဆိုင်ရာ အာဏာပိုင်များ၊ တပ်မတော်နှင့် တရားစီရင်ရေးအာဏာပိုင်များအားလုံးအပေါ် စည်းနှောင်မှုရှိသည်။ ဆုံးဖြတ်ချက်ကို မထီမဲ့မြင်ပြုမှုအား တည်ဆဲဥပဒေများအရ တားမြစ်ထားသည်။

## သုံးသပ်ချက်

၆၉။ နိုင်ဂျာသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ (၆) နှစ်ဖြစ်ကာ ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပါ။ လွှတ်တော်နှင့် သမ္မတ၏ သက်တမ်းမှာ (၅)နှစ်ဖြစ်၍ ယင်းတို့နှင့်သက်တမ်း တူညီမှုမရှိကြောင်းတွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များအနက် အပြည်ပြည်ဆိုင်ရာသဘောတူညီစာချုပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိစိစစ်နိုင်ခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲများ၏ရလဒ်ကိုကြေညာရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်နိုင်ခြင်း၊ စစ်ဆေးဆဲအမှု၌ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လျှောက်ထားမှုကိုဆုံးဖြတ်နိုင်ခြင်း၊ အချို့ဥပဒေများနှင့် လွှတ်တော်၏လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းမပြုမီစိစစ်နိုင်ခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးများအပေါ်အရေးယူဆောင်ရွက်မှုကို အတည်ပြုချက်ပေးရခြင်းတို့မှာ ကျယ်ပြန့်သည့်လုပ်ပိုင်ခွင့်များဖြစ်ကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ နိုင်ဂျာဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို အပြန်အလှန် ထိန်းကျောင်းမှုပြုသည်ဟု ယူဆရသည်။

၇၀။ နိုင်ဂျာဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အာဏာပိုင်များအပေါ် စည်းနှောင်မှုရှိကြောင်း၊ ဆုံးဖြတ်ချက်ကို မထီမဲ့မြင်မပြုရကြောင်းဖော်ပြထားသဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် အခြားအဖွဲ့အစည်းတစ်ခုခုသို့ အာဏာ

[၃၈] Niger Constitution of 2010, art- 132

အပ်နှင်းထားမှုမရှိခြင်းကြောင့်လည်းကောင်း၊ နိုင်ဂျာဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ယူဆရပါသည်။

## နိဂုံး

၇၁။ နိုင်ဂျာသမ္မတနိုင်ငံသည် နိုင်ငံရေးအချိုးအကွေ့များစွာရင်ဆိုင်ရသည့်နိုင်ငံဖြစ်ပြီး ဒီမိုကရေစီ စနစ်ကို ကြိုးစားတည်ဆောက်နေရသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် အာဏာပိုင်းခြားကျင့်သုံးမှုကို ဆောင်ရွက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးကို ဖွဲ့စည်းတည်ထောင်ထားသည်။ နိုင်ဂျာသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများ၏ ဆောင်ရွက်ချက် များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်စေရန် တည့်မတ်ပေးသည့်အနေအထားဖြင့်ရပ်တည် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

# ရည်ညွှန်းကိုးကားချက်များ


၁။ Encyclopedia of World Constitutions, 2007

၂။ Niger's Constitution of 2010

၃။ https://en.wikipedia.org/wiki/Constitution_of_Niger

၄။ https://en.wikipedia.org/wiki/Constitution_of_Niger Minister.

၅။ https://en.wikipedia.org/wiki/History_of_Niger